
လုံးချင်းဝတ္ထုသစ်
ပဒ္မလက်

# အပိုင်း (၁)

## အခန်း (၁)

တစ်ခါတလေ ချစ်သူသို့မဟုတ် ဖူးစာရှင် တွေ့ဖို့ ကို အချင်းချင်း (လူသားတွေ)က အောင်သွယ်ကြတယ်။ ဒါပေမဲ့

ကိုယ်တို့ တွေ့ဖို့ ကိုတော့ -

ခွေးက အောင်သွယ်ပေးတယ်။

တကယ်ကွာ၊ "မုန်တိုင်း"ဟာ ကိုယ့်အတွက် အောင်သွယ်တော်ကောင်းတစ်ယောက် အဲ တစ်ကောင်ပဲ။

အမှန်တကယ်ဆို မုန်တိုင်းနဲ့ ကိုယ်က မနက်စောစောပဲ လမ်းလျှောက်နေကျ၊ တစ်ခါမှ ညနေဘက်ကို ထွက်မလျှောက်ဖူးဘူး။

ကိုယ်ကလည်း မအားဘူး၊ ညနေမှောင်မှ ပြန်လာတာရှိသလို၊ မိုးချုပ်မှ လည်း ပြန်လာတာ ရှိတယ်လေ။

ဆိတ်ငြိမ်ရပ်ကွက်ဖြစ်သော မြောက်ဒဂုံလို နေရာမျိုးမှာ ဒယ်ဒီနဲ့ ကိုကိုတို့ က ဘာစိတ်ကူးနဲ့ များ အိမ်ဆောက်ထားတာလဲ မသိဘူး။ ပြီးတော့ တစ်ယောက်မှ လည်း မနေနိုင်ကြဘူး။ ဒီကောင့်ကိုပဲ လူလွတ်ဆိုပြီး မျက်စောင်းထိုးနေကြတာ။

"တစ်ပတ်တစ်ခါတော့ သွားပြီး ညအိပ်ည၌နေလေး နေပေးပါ" တဲ့

လေ၊ ဒီတော့ ဒီကလည်း တမင်ရွဲ့ပြီး အမြဲနေပေးလိုက်တယ်။ ကောင်း ရော။

ဒယ်ဒီနဲ့ ကိုကိုက ကိုယ့်ရဲ့ အရွဲ့တိုက်မှုကို ပိုလို့ တောင် သဘောကျ သွားကြတယ်။

အဲ အရွဲ့တိုက်ကောင်းတဲ့ ကိုယ်ကပဲ ပျင်းနေရတာ။

မနက်ဘက်မှာ ဆယ်နာရီလောက်မှ မြောက်ဒဂုံက ထွက်၊ ဒယ်ဒီ့ရဲ့ ရေသန့်ဗူးစက်ရုံနဲ့ ပုံနှိပ်စက်ရှိတဲ့ တောင်ဒဂုံစက်မှုဇုန်ကွက်ကို ဝင်၊ ဘာ ဘာညာညာနဲ့ လက်ညှိုးထိုးပြီး သိသလိုလို၊ နားလည်သလိုလိုနဲ့ ဖြီးလို က် ဖြန်းလိုက်ပေါ့၊ ပြီးတော့ စာရင်းစာအုပ်ကြီးဖွင့်ကြည့် ကတ်ကူလေ တာ တဒေါက်ဒေါက်နှိပ်ပြီး စာရင်းစစ်တော့တာပဲ။ ဒါကျတော့ ကျွမ်းတ ယ်လေ၊ ကိုယ်က သင်္ချာသမားပဲ၊ သိတယ်မဟုတ်လား၊ ပေသီးခေါက် တော့ ကျွမ်းပြီးသား။

ဒါကြောင့် ဒယ်ဒီက ကိုယ့်ကို ယုံကြည်စိတ်ချမှုအပြည့်နဲ့ ရေသန့်စက် ရုံနဲ့ ပုံနှိပ်စက်ရုံကို လွှဲပေးထားတာပေါ့။ အော့ဖ်စက်ငါးလုံးလောက်က တော့ ပျင်းတောင်ပျင်းသေးတယ်။

သိပ်မကြာပါဘူး၊ ဘာဘာညာညာနဲ့ တစ်နေရာမှာ သုံးနာရီပြည့် အောင်တောင် မနေလိုက်ရပါဘူး။ ပြန် လာပြီး တစ်နေရာရာဝင်၊ ပြီး တော့ သူငယ်ချင်းတွေရှိတဲ့ မြို့ထဲသွား၊ ညနေစာ စား၊ ကာရာအိုကေ သွားချင်သွား၊ မသွားချင်ရင် အိမ်ပြန်အိပ်ပေါ့။

လွတ်လပ်ခြင်းကမ္ဘာထဲမှာ ပျံချင်တိုင်းပျံ၊ ဝဲချင်တိုင်းဝဲနေတဲ့ ငှက်လို ပဲ အတောင်ညောင်းရင် တစ်ယောက်တည်း "မုန့်တိုင်း" နဲ့ စကားပြော ပေါ့။

မုန်တိုင်းကတော့ ခြံစောင့်ပဲလေ။

အဲဒီနေ့မှ ထူးထူးခြားခြား စောစောပြန်လာတာ၊ ပြန်လာရတဲ့ အကြောင်းရင်းကလည်း သူငယ်ချင်းတွေက ကိုယ့်အတွက် အချိန်သိပ်မပေးချင်ကြတော့ဘူး။ သူတို့ လည်း အတွဲကိုယ်စီနဲ့ ပဲပေ့ါ။

သုံးရာရှိခွဲ။

မုန်တိုင်းက ခြံထဲမှာ လူးလာခေါက်တုန့်ပြေး လာပြီး ကိုယ့်အင်္ကျီလက်ကို ပါးစပ်နဲ့ ငုံဆွဲလို့ အပြင်ထွက်ချင်တဲ့ နိမိတ်ပုံတွေ ပြနေတယ်လေ။

ဒါနဲ့ မလွယ်ပေါက်ကို ဖွင့်ပြီး ကဲသွား၊ ပြီးရင် ပြန်လာ၊ မင်း ဟိုဘက်က ကောင်မလေးကို သွားငမ်းမလို့ မဟုတ်လား။

ပြောပြောဆိုဆိုနှင့် ခြံတံခါးကို အဖွင့်၊ ဒီကောင်ကြီးကလည်း ဘယ်အချိန်ကတည်းက ပြေးချင်နေလဲမသိ၊ ကိုယ့်ကို တိုက်ပြီး ပြေးအထွက် -

"ဝုန်း"

"အမလေး"

"ဟာ သွားပါပြီ ပြဿနာ"

ပြဿနာက ခြံတံခါးဝမှာ တင်။ ပူထူသွားပြီး ခြံပြင်ကို အပြေးထွက်ကြည့်တော့ မြေပြင်မှာ လဲကျနေသော မိန်းကလေးတစ်ယောက် -

မျက်လုံးထဲ ပြာသွားပြီး -

"ဟာ ကိုက်မိသွားသေးလား၊ ဘယ်နား နာသွားလဲ"

ကပျာကယာပြေးထူသော အသိစိတ်က ကျား မ မခွဲခြားမိတာ မှန်သော သစ္စာပါ။ အသားယူချင်တဲ့ စိတ် လုံးဝမရှိပါဘူး။

ဒါပေမဲ့ -

"ရှင် ရှင်"

ကောင်မလေးက ကက်ကက်လန်အောင် စွာတေးမလေးပဲ၊ ကိုယ်က သူ့လက်မောင်းကို မဟာကရုဏာနဲ့ ဆွဲထူပေးတာ၊ ရိုးသားမှုအနန္တနဲ့ ပါ။ သူ့အသား နုသလား၊ ကြမ်းသလားလို့ တောင် ကိုယ် မသိလိုက်ဘူး။ ဒါပေမဲ့ -

ကောင်မလေးက ရိုင်းပျစွာနဲ့ ကိုယ့်လက်ကို ပုတ်ထုတ်လိုက်တာ၊ အိပ်မက်က လန့်နိုးသလို၊ ဆတ်ခနဲဖြစ်သွားပြီး စိုးရိမ်စိတ်ကနေ ရှက်စိတ်၊ ဒေါသစိတ်တို့ ပြောင်းလဲသွားပြီး ခါးကို မတ်ကာ မုန်တိုင်းကို ရှာဖွေလိုက်သည် ။

အားကိုရတဲ့ ကောင်၊ မဘက်လိုက်တော့ မိုက်ဘက်ပါသွားပြီ၊ သခင်ကိုတောင် လှည့်မကြည့်ဘူး။ ဘယ်ရောက်နေသလဲ မသိ။

"တောက်"

"ဘာ ရှင်ကပဲ တောက်ခေါက်ရတယ် ရှိသေးတယ်"

ဟာ ပြဿနာပဲ၊ မုန်တိုင်းအပေါ် ဖြစ်ပေါ်တဲ့ ဒေါသနဲ့ ကောင်မလေးရဲ့ ဒေါသတို့ ထိပ်တိုက်တွေ့ပြီး ရန်ပွဲစတင်နေပြီလား။

"ဟိုး ဟိုး ကိုယ်က ခွေးကိုဒေါသဖြစ်တာ၊ သူက အတင်းထွက်လိုက်လို့ လေ၊ မင်းကုတ်သွားသေးသလား၊ ကိုက်သွားသေးသလား"

"ဘာမှ မဖြစ်ဘူး။ ရှင့်ခွေးနဲ့ တိုက်မိလို့ နဖူးနည်းနည်း ပေသွားတာပဲ"

"အလိုလေး"

အံ့သြလွန်းလို့ ငေးကြည့်မိလိုက်တော့ ကောင်မလေးက သူ့နဖူးကို သူပွတ်ပြီး မျက်နှာနီနီနှင့် ဆွဲခြင်းထဲမှ ပန်းများကိုယူကာ လှည့်ထွက်မည်အပြု -

"နေပါဦး ခဏလေး"

မျက်မှောင်ကြုတ်ကာ "ဘာလဲ" ဟူသော အမူအရာနှင့် လှမ်းကြည့်လိုက်သောအခါ

"အပါး လှလိုက်တာ"

နားရွက်တစ်ဘက်ဖုံးပြီး ဘယ်ဘက်မှာ ကျစ်ဆံမြီးရှည်ချထားသဖြင့် နန်းဆန်ဆန် ယဉ်ကျေးသိမ်မွေ့သော မြန်မာအမျိုးသမီးလေးကို တွေ့လိုက်ရသည် ။ ရင်ထဲ အေးမြသွားသည် ။

"အူကြောင်ကြောင်နဲ့ "

မှ င်သက်စွာ ငေးမောကြည့်နေစဉ် ကောင်မလေးက ပြန်လှည့်ထွက်သွားသည် ။

"ဟေ့ ဟေ့"

သူ့နောက်သို့ ပြေးလိုက်မည်အပြု

"ဝုန်း ဝေါင်း"

ခွေးချင်းကိုက်သံများ ညံသွားသဖြင့် ခြေလှမ်းတုန့်သွားပြီး နောက်ပြန်လှည့်လိုက်ရာ -

"ဟာ အဖြစ်မရှိတဲ့ ကောင်"

ခွေးမတစ်ကောင်ကို ခွေးထီးသုံးကောင်က အဝေမတည့်ဖြစ်နေသည် ။ ထိုထဲတွင် မုန်တိုင်းက အူကြောင်ကြောင်နှင့် လူပျိုဘော်ဝင်စမို့

မပိုးတတ်သေးသဖြင့် ကိုက်တတ်ရန်သာ မာန်ဖီ၍ တာဆူနေသည် ။

ခြံဝင်းထဲမှာ အစားကောင်းများ နှင့် အသားတက်သော်လည်း လမ်းဘေးကကောင်တွေလောက် တိုက်ရည်ခိုက်ရည် မရှိ။ မိန်းမလည်း မပိုးတတ်။ အဲလေ ခွေးမလည်း မပိုးတက်မို့ နောက်ဆုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ ရှုံးနိမ့်ခြင်းကို သိက္ခာမဲ့စွာ ရင်ဆိုင်ရမှာ မို့ -

"မုန်တိုင်း လာစမ်း"

စောစောက ကောင်မလေးကို ဝင်တိုက်တဲ့ ပြစ်မှု၊ သူတို့ တွေ ရန်ပွဲဖြစ်လို့ ကောင်မလေးနဲ့ အဆွေခင်ပွန်းဖွဲ့ဖို့ လွတ်သွားမှုနဲ့ ပတ်သက်ပြီး ဒီကောင့်ကို ပြစ်ဒဏ်ချမှတ်ရမည်။

"မုန်တိုင်း အိမ်ထဲဝင်စမ်း"

ကတ္တရာလမ်းဘေးက လိပ်သဲကျောက်ကို ကောက်လိုက်ပြီး ရွယ်လိုက်၏။

ထိုအခါကျမှ မုန်တိုင်း အမြီးကုတ်ကာ အနားရောက်လာ၏။

မလာလို့ လည်း မဖြစ်၊ ကိုယ့်စိတ်ကို မုန်တိုင်းအသိဆုံးပဲလေ၊ သုံးနှစ်တောင် စားအတူ၊ သွားအတူပဲ၊ ပြဿနာတစ်ခုကို ကွင်းဆက်ပြီး ဒေါသအိုးပေါက်ကွဲကာ အပြစ်ပေးတတ်တော့ မုန်တိုင်းလည်း လန့်သည် ။

"ဝင် အိမ်ထဲကို"

လူစကားနားလည်သော ခွေးသခင်မျိုးမို့ အမြီးကို ငယ်ကတည်းက ဖြတ်ထားကြသည် ။ ကိုက်တတ်လွန်း၍ ဖြတ်သည် ဟု ခွေးရှင်က ပြောသည် ။ အမြီးပြတ်နဲ့ ကျက်သရေမဲ့သော ခွေးကို သူယူဖို့ စိတ်မကူးမိ။ တခြားခွေးများကို ကြည့်နေစဉ် သူက ကြိုးချည်ထားရာမှ ဘယ်လိုဘယ်လို အလွတ်ရုန်းပြီး ပြေးလာသည် မသိ။ ကိုယ့်ခြေရင်းဝယ် ဝပ်စင်းလို့

အမြီးတိုလေးက နန့်ပြပြီး မိတ်ဖွဲ့နေလေသည် ။

"ဟာ မုန်တိုင်း မုန်တိုင်း"

ခွေးရှင်က အလန့်တကြားနှင့် ကြိုးကို ဆွဲကာ အနားမှ အတင်းဆွဲယူလိုက်၏။

"ဒီကောင် သိပ်ကိုက်တတ်တာ၊ လူစိမ်းမရဘူး၊ ကိုက်တတ်တယ်၊ အခု ညီ့ကိုမှ မကိုက်တာ အတော် ထူးဆန်းတယ်"

ဒါနဲ့ ငွေရှစ်ထောင်ပေးပြီး ဝယ်လိုက်သည် ။ တခြားခွေးများ ထက်စာလျှင် အရုပ်ဆိုးသော ခွေးဖြစ်သည် ။ သို့ရာတွင် ကိုယ့်ကိုမှ ခင်သည်ဆိုသော အမြီးပြတ်နှင့်မုန်တိုင်းကို ကျက်သရေမဲ့စွာ ဝယ်လာခဲ့သည် ။

ဒယ်ဒီရော ကိုကိုကပါ ဒီခွေးကို တွေ့တိုင်းနှုတ်ခမ်းမဲ့ကြ၏။

နောက်မှ ဒီအသုံးမကျတဲ့ ခွေးဟာ လူမလေးစားသော ဟောင်ခြင်းအလုပ်ကိုသာ လုပ်တတ်ပြီး ကိုက်ခြင်းအလုပ် ဆိုလျှင် အမဲရိုးပင် ကိုက်ရမှာ ပျင်းသော ခွေးငပေါဖြစ်မှန်း သုံးလေးရက်ကြာမှ သိလိုက်ရသဖြင့် -

"ဝယ်ပြီးပစ္စည်းပြန်မလဲပါ" ဟူသော ဆိုင်းဘုတ်အောက်မှ ဖြတ်သန်းလျက် အမြီးပြတ်ကိုပဲ အဖော်လုပ်ရတော့လေသည် ။ ဈေးရောင်းသူလှည့်လိုက်သည့် လှည့်ကွက်ထဲ ချာချာလည်ကာ ခံလိုက်ရသည် ။

သို့ပေမဲ့ သူ့ဟိန်းသံ ဟိန်းဟိန်းကြီးကတော့ တော်ရုံသူခိုးဆိုလျှင် ကြောက်ဒူးတုန်လောက်သည် ။ ပုံစံကလည်း ဖျားချင်စရာ၊ အရုပ်က သုံးပေ။

သုံးပေ။

ဟာ ဒီကောင် ကောင်မလေးနဖူးကို ခုန်တိုက်သွားတာလား။

"ဘာမှ မဖြစ်ပါဘူး၊ ရှင့်ခွေးနဲ့ တိုက်မိလို့ နဖူးနည်းနည်းပေသွားတာပါ"

ကောင်မလေးအရပ်က သုံးပေမဖြစ်နိုင်။ ဒီကောင် ဘာနဲ့ တိုက်မိပါလိမ့်။

"မုန်တိုင်း နင် မိန်းမချောလေးရဲ့ နဖူးနဲ့ ဘယ်နေရာတိုက်မိလဲ"

မုန်တိုင်းက တအိအိနှင့် စကားတွေ ပြန်ပြောနေသည် ။ ကိုယ်က နားမလည်။

***

# အခန်း (၂)

ရင်ခွင်ဦးမူကြိုတွင် ဆရာမလုပ်နေသော ကောင်မလေးနားကို ချဉ်းကပ်ရန် စဉ်းစားလိုက်သည် ။

ထိုအခါ အစဉ်အမြဲ မေ့ပျောက်ထားခဲ့သော ကိုကို၏ သားလေးကို သတိရသွားသည် ။

"ဒီကောင်ကြီးကို မနိုင်ဘူးကွာ၊ ငါက အလုပ်တစ်ဖက်နဲ့ ဆိုတော့ မကြည့်နိုင်၊ ဒယ်ဒီ့ဆီပဲ ပို့ထားလိုက်တာ၊ မင်းပါ ဝိုင်းကြည့်ပေးပေါ့"

ကလေးတစ်ယောက်နှင့် မုဆိုးဖိုဖြစ်သွားသော ကိုကိုက ကလေးအားဒယ်ဒီ့ဆီကို ပေးထားပြီး သူ့အား အဆစ်ထိန်းခိုင်းသေးသည် ။

"ဟင် ဒေါ်မိရှိတာပဲ၊ ကိုယ်က ကလေး ကရိကထ မခံချင်လို့ အိမ်ထောင်မပြုသေးတာ၊ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်ကွာ"

ကိုကို့အား ပြတ်ပြတ်သားသားပင် ငြင်းဆန်လိုက်သောအခါ ကိုကိုက ခေါင်းကိုခါရမ်းလိုက်ရင်းက "မင်း ကလေးရတဲ့ အခါမှ စာနာတတ်မှာ ပါ"

ကိုကိုသည် ဇနီးသည် မီးတွင်းထဲမှာ ဆုံးပြီးကတည်းက စာနာမှုကိုလက်ကိုင်ထားပြီး ခွင့်လွှတ်စိတ် မွေးခဲ့သည် ။

ခုတော့ ဒယ်ဒီ့အိမ် ရောက်နေသော ငတိလေးကို သွားခေါ်ပြီး မူကြို

ထားပေးရပေလိမ့်မည်။

ဒီအတိုင်းတော့ ချဉ်းကပ်လို့ မရနိုင်ပေ။ သူသည် ထမီအပြာ၊ အင်္ကျီအဖြူနှင့် ကလေးများ ၏ စံပြဆရာမဖြစ်သောကြောင့် ကလေးအကြောင်းက လွဲ၍ ဘာမှ စိတ်မဝင်စားပေ။

"ရှင်နဲ့ ကျွန်မ စကားပြောဖို့ တွေ့ဖို့ အကြောင်းမရှိတော့ဘူး။ ဟိုနေ့က ကိစ္စပြီးဆုံးသွားပြီလေ၊ ကျွန်မမှာ တာဝန်ရှိသေးလို့ ခွင့်ပြုပါနော်"

သူ့အား တစ်ရက်နှစ်ရက် စောင့်နေသောကြောင့် အိမ်ရှေ့မှ မဖြတ်တော့ဘဲ လမ်းလွှဲသွားလေတော့သည် ။

သူ့နောက် တစ်ကောက်ကောက်လိုက်ပြီး စကားပြောရအောင်ကလည်း မတင့်တယ်ပေ။ ရပ်ကွက်ထဲမှာ ဖြစ်၍ ဝိုင်းရိုက်မှာ ကလည်း စိုးရိမ်ရသေးသည် ။

"ဒီမှာ လည်း မူကြိုထားနေတာပဲကွာ၊ မင်းတစ်ယောက်တည်း ဖြစ်ပ့ါမလား"

"ဒေါ်မိပါ ခေါ်မှာ ပေ့ါ"

"ဘာလဲ မင်းအစားအသောက် အဆင်မပြေဘူးလား"

"ဟုတ်ကဲ့"

ချော်လဲရောထိုင်လိုက်သည် ။ တကယ်တော့ အစားအသောက်ကိစ္စကို ဇီဇာမချဲ့တတ်သူပဲ။ ဖြစ်သလို၊ ကြုံသလို စားတတ်သည် ။

"ဒါဖြင့်လည်း ခေါ်သွားလေ၊ ကလေးကိုတော့ ဝိုင်းဂရုစိုက်ပေးရဦးမယ်နော်၊ မူကြိုကတော့ ဒီမှာ ပဲ ထားပါ။ သားငယ်က ကားနဲ့ လိုက်ပို့ပေးပေ့ါ၊ အပြန်ကြိုပေးရမှာ "

"အလုပ်ရှုပ်ပါတယ် ဒယ်ဒီရယ်၊ ဟိုမှာ မူကြိုကျောင်းတွေ အများကြီးပဲ၊ ဟိုမှာ ပဲ ထားမယ်"

"အိမ်နားနီးနေရင် ထားလိုက်ပေါ့ကွာ၊ ဒါပေမဲ့ ဒီးဒီးနဲ့ တော့ ကစားပေးရမယ်နော်၊ မင်းရဲ့ ကောင်နဲ့ လည်း သိပ်လွှတ်မထားနဲ့ ၊ ညဘက်လည်း မိုးမချုပ်စေနဲ့ "

ဒယ်ဒီသည် သံသယကင်းမဲ့စွာဖြင့် သူ၏ အချစ်ဆုံးမြေးလေးကို ယုံကြည်စိတ်ချစွာ ထည့်ပေး လိုက်လေသည် ။

ဒီးဒီးတဲ့ ။ မရှက်တမ်း ဝန်ခံရလျှင် ကိုယ့်တူနာမည်ကို ခုမှ သိရသည် ။ ရုပ်ကိုလည်း ခုမှ သေသေချာချာ ကြည့်မိသည် ။

ဒီကောင့်ကို ပျော်အောင်ထားမှ မပျော်ရင်တော့ ကောင်မလေးနဲ့ နီးစပ်ဖို့ မလွယ်တော့။

ဒီးဒီးက အသားဖြူဖြူ၊ ပါးဖောင်းဖောင်းနှင့် မျက်လုံးဝိုင်းလေးနဲ့ မို့ ကလေးများကို ချစ်တတ်သော ဆရာမလေး ချစ်သွားမှာ သေချာသည် ။

ခုလောလောဆယ်တော့ ဒီးဒီးဆိုသော ငတိလေးကို အောင်သွယ်တော်အနေနဲ့ ဖော်လန်ဖားရဦးမည်။

ငတိလေး ဒီးဒီး ရောက်လာခြင်းအတွက် ပထမ အောင်သွယ်တော် မုန်တိုင်းက လွန်စွာ ပျော်ရွှင်နေသည် ။ အိမ်ထဲမှာ တစ်ကောင်တည်း အိမ်စောင့်လုပ်နေရတဲ့ ကာလတွေအတွက် ပျင်းရိနေရှာပေလိမ့်မည်။

မုန်တိုင်းက တစ်ခြံလုံး လှည့်ပတ်ပြေးကာ ဒီးဒီးနားရောက်လျှင် ဖင်ကလေးထောင်ကာ ဝပ်ချလိုက်၊ ပြန်ပြေးလိုက်နှင့် တော်သလင်းလ မတိုင်မီ မြူးကြွနေသည် ။

ဒီလိုတော့လည်း ကိုယ့်ခြံကလေးက စိုပြည်သားပဲ။

"ကလေး မူကြိုကျောင်းက ဘယ်နားမှာ လဲ"

"နီးပါတယ်၊ ဟိုဘက် ကားလမ်းတင်ပါ"

"ကားလမ်း ကူးရမယ်၊ ဘုရားရေ"

ဒေါ်မိက ရင်ဘတ်ဖိကာ အော်လိုက်၏။

"ဒေါ်ဒေါ် ဘာဖြစ်တာလဲ၊ ကားလမ်းလေးတင် ကူးရမယ့်ဟာ"

"မဟုတ်ပါဘူး၊ ဒီးဒီးလေးတို့ ကျောင်းက လုံခြုံလို့ လား၊ နေ့လည်နေ့ခင်း ထွက်ပြေးသွားမှ ဖြင့်ကွယ်"

"ဘယ်က ထွက်ပြေးရမှာ လဲ၊ သူ့အိမ်နဲ့ သူ့ခြံနဲ့ ဆရာမတွေနဲ့ ဟာ သည်းမနေပါနဲ့ "

ဒေါ်မိက ကိုယ်တို့ ငယ်စဉ်ကတည်းက ထိန်းကျောင်းလာသူ၊ ဒေါ်မိ၏ သံယောဇဉ်ကို ကိုယ်ခန့်မှန်းမိသည် ။ ယခု ဒီငတိလေးလက်ထက်အထိ ကလေးများကို မိဘနှင့်မခြား စိတ်ရှည်သူ ဖြစ်သည် ။

"ဟဲ့ သားငယ်ရဲ့ ၊ သားတို့ ငယ်ငယ်ကမှ မိခင်နဲ့ ရင်အုပ်မကွာ နေခဲ့ရတာ၊ ခု ဒီကလေးက မိခင်မဲ့လေးကွယ်။ ဒေါ်မိရဲ့ အသက်သွေးလေးပါကွယ်၊ သူ့လုံခြုံမှုအတွက် ဒေါ်မိ ကာကွယ်ပြီး မေးရမှာ ပေါ့"

"ကျွန်တော်ကလည်း ဦးလေးအရင်းပါဗျာ"

မလုံမလဲနှင့် ဗလုံးဗထွေး ပြောလိုက်သည် ကို ဒေါ်မိက ပြုံးကြည့်ပြီး -

"သားငယ်က အခုမှ ဦးလေးတော်စပ်ပြီး ဒီးဒီးကို ဂရုစိုက်တာ၊ အကြောင်းတစ်ခုခုတော့ ရှိမယ်နော်"

မိခင်လိုနေလာသော ဒေါ်မိက ကိုယ့်စိတ်ဓာတ် ဘယ်လိုရှိတယ်ဆို

တာ နားလည်ထားပြီး ဖြစ်သည် ။

"ဒေါ်မိကလည်း ဗျာ၊ ကျွန်တော်တစ်ယောက်တည်း နေရတာ ငြီးငွေ့လာလို့ ပါ"

မလုံမလဲ ကျောခိုင်းထွက်လာသည် ။

ဒီကောင်မလေးနဲ့ နီးဖို့ အရင်းအနှီးက သိပ်ကြီးပါလား၊ ကလေးတစ်ယောက်ကို တာဝန်ယူပြုစုရသည် မှာ မလွယ်ကူပေ။

"သားသား ကျောင်းပဲ တက်မယ်လေ၊ ဒီကျောင်းကြီးကို မတက်ဘူး ဖွားလေးမိ၊ သားသားတို့ ဖိုးဖိုးဆီ ပြန်မယ်လေ"

ကဂျီကကျောင်နဲ့ တစ်လမ်းလုံး ပေကပ်ကပ်နိုင်လာသည် ကို စိတ်မရှည်ချင်တော့၊ တင်ပါးကို နှစ်ချက်လောက်ချပစ်ချင်သည် ။

သို့ရာတွင် အရေးကြီးသော အောင်သွယ်တော်မို့ ချော့ခေါ်ရသည် ။

"သားသား ဒီကျောင်းတက်ရင် ဦးဦးက ရုပ်ရုပ်တွေ ဝယ်ပေးမယ် နော်"

"တကယ်ရား၊ ခုဝယ်ပေး၊ ခုဝယ်ပေး"

ခုဝယ်ပေးဆို၍ လမ်းထိပ်မှ စတိုးဆိုင်တစ်ဆိုင်မှာ ဝင်ဝယ်ရသည် ။ သူလက်ညှိုးထိုးရာကို ဝယ်ပေးလိုက်၏။ လေယာဉ်ပျံ တစ်စီး၊ တစ်ထောင့်နှစ်ရာ ကုန်သွားလေသည် ။

"သားကျောင်းသွားမှာ ဘွားလေးမိကို ပေးထားလိုက်နော်၊ အိမ်ရောက်မှ ဆော့"

"ဟင့်အင်း ခု ဆော့မယ်"

ကျောင်းနားရောက်လာ၍ ကစားစရာကိစ္စ ပြတ်သွား၏။ အပေါက်ဝ

မှ ကိုယ့်ချစ်သူ လမင်းလေး လင်းထိန်စွာ သာနေသည် ။ ကလေးများကို ဆီးကြို၍ ထမင်းချိုင့်ယူပေး၊ ဆွဲခြင်း ယူပေးနေသော သူ၏ အပြုံးများ က ရင်ကို အေးမြသွား၏။

ပါးချိုင့်ကလေးနဲ့ ပါလား၊ လှလိုက်တာ၊ ကျစ်ဆံမြီး တစ်ခြမ်းစောင်း လေး ကျစ်လို့ ယဉ်ကျေးတဲ့ လမင်းလေး။

"ဟင်"

ကိုယ့်ကိုမြင်တော့ ရုတ်တရက် အံ့အားသင့်သွား၏။ ဒီးဒီးကို တစ်လှည့် လှမ်းကြည့်လိုက်သည် ။

"ကျောင်းသားအသစ် အပ်ချင်လို့ ပါ ဆရာမ"

"အော် ဒါဖြင့်ကြွပါ၊ အပေါ်ထပ်မှာ ကျောင်းအုပ်ကြီး ရှိပါတယ်၊ သား ကိုခေါ်သွားပါ"

"ဒါ ကျွန်တော့်တူလေးပါ"

ကပျာကယာလေး ပြောလိုက်သဖြင့်ကိုယ့်လမင်းလေးက လှောင်သလို ပြုံးလိုက်သည် မှာ အသည်းအေးစရာ ရင်ခုန်စရာကောင်းလှသည် ။

အပေါ်ထပ်တွင် ကျယ်ဝန်းပြီး ကလေးများ ထိုင်နေကြသည် ။ ကစားစရာများက စားပွဲပေါ်မှာ ပုံလို့ ။

အသက်ငါးဆယ်အရွယ် ဆရာမကြီး၊ အိုမင်းမှုမှာ ရင်မောစရာပင်။ စောစောက ဒီလိုမှန်းသိရင် တက်မလာဘဲ အောက်ထပ်မှာ ပဲ နေရစ်ပါရဲ့ ။

"ကလေးရဲ့ အဖေလား"

ရုတ်တရက်အမေးကြောင့် ဆတ်ခနဲဖြစ်သွားပြီး မျက်နှာကြီးနီရဲကာ

မျက်နှာထားတင်းတင်းနဲ့ ဆရာမကြီးကို ပြန်ကြည့်ပြီး -

"ကလေးရဲ့ ဦးလေးပါ"

"ဟုတ်ပါတယ် ကလေးရဲ့ ဦးလေးပါ၊ ကျွန်မက ကလေးရဲ့ ဘွားလေးပါ၊ သူ့အဖေက နယ်မှာ အလုပ်လုပ်နေပါတယ်၊ ကလေးအမေကတော့ ပျက်စီးသွားပါပြီ"

နောက်မှ ရပ်နေသော ဒေါ်မိက ဝင်၍ ရှင်းပြသည် ။

"အို ဖြစ်ရလေကွယ် ကလေးကို ကျောင်းအပ်ဖို့ လာတာလား"

"သား ဒီကျောင်းမှာ မနေဘူး၊ သားကျောင်းမှာ ပဲ သားနေမယ်၊ သားကျောင်းမှာ သားသူငယ်ချင်းတွေ ဆရာမတွေ အများကြီးပဲ"

"ဟာ ဒီကောင်"

စိတ်တိုသွား၍ ပါးစပ်ကို အတင်းပိတ်လိုက်ရာ -

"အို ကလေးကို အတင်းမလုပ်ပါနဲ့ "

"ဟဲ့ သားငယ် မလုပ်နဲ့ လေ"

နောက်ကျောမှ အသံတစ်သံနှင့် ဒေါ်မိထံမှ အသံထွက်လာသောကြောင့် နောက်သို့ ကပျာကယာ လှည့်ကြည့်လိုက်ရာ -

ကိုယ့်ရဲ့ လမင်းလေး ဖြစ်နေသည် ။

"ကလေးကို ကြမ်းကြမ်းတမ်းတမ်း မလုပ်ပါနဲ့ ၊ လာ သားလေး ... လာ၊ ဟိုမှာ သူငယ်ချင်းတွေရော၊ ကစားစရာတွေလည်း အများကြီးရှိတယ်၊ ဆရာမနဲ့ သွားကစားမယ်နော်"

ပြောပြောဆိုဆို ငတိကို ခေါ်၍ ထွက်သွားလေသည် ။

ငတိက ဦးလေးကိုပင် လှည့်မကြည့်တော့ ဆရာမနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေပြီ။ တော်တော် ဟုတ်တဲ့ ငတိ။

ဒီငတိလေးက ဒုတိယ အောင်သွယ်တော်လေး ပြန်လာမှ မုန့်တွေအများကြီး ဝယ်ကျွေးပစ်မယ်။

***

# အခန်း (၃)

"ဒေါ်မိပဲ ကလေးကို လိုက်ပို့ပေးမယ်၊ ကားလမ်းကူးရမှာ ဆိုတော့ စိတ်မချဘူး"

"ဟာ ကျွန်တော်က သူ့ဦးလေးလေ"

ဒေါ်မိတို့ ပြဿနာရှာပြီ။ ငယ်ငယ်တည်းက သူ ဒေါ်မိနဲ့ သိပ်ပြီး မသင့်တင့်ပေ။ ဒေါ်မိက ကိုကို့ကို အချစ်ပိုသည် ။ ကိုယ့်ကိုတော့ ငယ်ငယ်တည်းက ဂျစ်တူးတူး၊ ညစ်ကျယ်ကျယ်နှင့် ပြောမရဆိုမရနှင့် သိပ်မပြောဖြစ်။ ကိုယ်ကတည်း အိုမင်းနေသော အဖွားကြီးများ နှင့် လက်လက်ထနေသော ကလေးများကို သိပ်ကြည့်မရတတ်ပေ။

နုပျိုပြီး ရွှင်လန်းစေမည့် ရင်ကိုအေးမြစေသော အလှအပကောင်မလေးငယ်များကိုသာ ကြည့်၍ ရသည် ။

"သားဘာသာ သား ဆရာမလေးကို ကြည့်ချင်ရင် လိုက်ကြည့်၊ ကလေးကိုတော့ စိတ်မချဘူး၊ သားက ဟိုငေးဒီငေးနဲ့ ဒီးဒီးကလည်း ဆော့ကဆော့နဲ့ ၊ ကားလမ်းကူးရင် လက် အတင်းဆွဲပြီး ကူးမှ ရတယ်"

"ဒေါ်မိကလည်း ဗျာ၊ သားက သူ့ဦးလေး အရင်းခေါက်ခေါက်ပါ၊ တူတစ်ယောက်ကို ဒီလောက် မျက်နှာလွှဲထားပဲ့မလား"

"မျက်နှာလွှဲထားလို့ အခုမှ လာပြီး ရတ်တရက်လာခေါ်တာ၊ ဒေါ်မိထင်တော့ထင်သားပဲ၊ သားငယ်မှာ အကြံအစည်တစ်ခုခုတော့ ရှိရမယ်

လို့ လေ၊ အခုတော့ ပါးချိုင့်လေးနဲ့ ဆရာမကို ပိုးနေတာကိုး၊ ပိုးရင်လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ လူပျိုပိုး-ပိုးပါလား၊ ကလေးကိုများ ခုတုံးလုပ်လို့ ကွယ်"

ပြဿနာကတော့ စပြီ။ တို့ များ ရဲ့ ချစ်ခရီးလမ်းမှာ ပထမဦးဆုံး အဆင်မပြေမှု တစ်ခုလေးပဲ။

ဒေါ်မိကို ပြန်ငြင်းခုံလို့ လည်း မဖြစ်၊ ဒေါ်ဒေါ်မိက ဒယ်ဒီ့ကိုတောင် ချုပ်ကိုင်နိုင်တဲ့ ဝမ်းကွဲအစ်မပဲ၊ တော်ကြာ၊ မကျေနပ်ဘူးဆိုပြီး ငတိလေးကို လက်ဆွဲပြီး ဒယ်ဒီ့ဆီ ပြန်သွားမှ ဖြင့် -

"ဆရာမလေးခရုက သိပ်ပြီး ညင်သာ၊ သိမ်မွေ့တာပဲ၊ ကလေးတွေကိုလည်း ချစ်တတ်တယ်၊ ကလေးတွေကို တုတ်မကိုင်ရဘဲနဲ့ ကလေးတွေအားလုံး သူ့ကိုချစ်ကြတယ်၊ ဒီးဒီးတောင် သူ့ကို ခဏလေးနဲ့ ချစ်သွားပြီပဲ"

"ဆရာမလေးခရု၊ ခရု၊ သူ့နာမည်က ခရုလား၊ သိပ် ရယ်စရာကောင်း မနေဘူးလား"

"မသိဘူး၊ အားလုံးက ခရု၊ ဆရာမလေး ခရုနဲ့ ခေါ်နေကြတာပဲကြားတယ်၊ ဒီးဒီးကလည်း ဆရာမနာမည် ခရုတဲ့ "

ငတိကို ကျောင်းအပ်တာ နှစ်ရက်ရှိပြီ၊ ကျောင်းသွားတိုင်း ဒေါ်ဒေါ်မိမအားလျှင် လိုက်ပို့ပေးမည်ဟု ရည်ရွယ်ထားသော်လည်း ဒေါ်ဒေါ်မိကတိကျစွာဖြင့် ထိုအချိန်ကို အားလပ်အောင်နေသည် ။ ငတိလေးအတွက် ထမင်းဘူး၊ ရေဘူး၊ မုန့်ဘူးက အစထည့်ထားသည် ။ ငတိလေးက ဘောင်းဘီအပြာ၊ အင်္ကျီအဖြူနှင့် သနပ်ခါးဖွေးဖွေးလေး လိမ်းကာ ကျောင်းသွားရန် တက်ကြွနေသည် ။

"သား ဆရာမက စောစောလာလို့ ပြောနေတယ် ဦးငယ်၊ အဲဒါ ဆရာမလေးခရကို ပေးဖို့ ပန်းရော"

ဖိနပ်စီးပြီးသည် နှင့် အိမ်ရှေ့က မယောင်မလည်နှင့်စောင့်နေသောကိုယ့်ဆီက ပန်းကို တောင်းလိုက်သည် ။

အိမ်ဆောက်ပြီးခါစက အိမ်၏ အင်္ဂါရပ်နှင့်ညီအောင် ပန်းပင်များကို တစ်ဝက်ခွဲပို့စဉ်က ရှုပ်သည် ဆိုကာ ဒယ်ဒီအား ညည်းညူဖူးသည် ။ ဒယ်ဒီက ရေလောင်းသက်သာရန် နွေ၌ ဂလူးကို့စ် ပုလင်းနှင့်ပိုက် လာချိတ်ပေးပြီး တစ်ပတ်တစ်ခါ ပုလင်းလဲခိုင်းသည် ။ ဒယ်ဒီ့ဘာသာ အားဆေးကျွေးသည် ။ ခုတော့ ထိုပန်းပွင့်လေးများမှာ အလွန်အဖိုးတန်သော ပန်းကလေးများ ပင် ဖြစ်နေ၏။

ပန်းဆက်သည့်ကိုဗျတ္တတာဝန်ကို ယူရန် အားခဲထားသော်လည်း ငတိလေးက ဒီတာဝန်ကို အပိုင်ယူထားလိုက်သည် မို့ အောင့်သက်သက်နှင့် ခူးပေးနေရသည် ။

ညနေပြန်လျှင်လည်း ဒေါ်ဒေါ်မိက အဆင်သင့်ကျောင်းချိန် သုံးနာရီခွဲထက် စောရောက်နှင့်ကာ ကျောင်းရှေ့မှာ ငုတ်တုတ်ထိုင်စောင့်နေသည် ။

"ငတိလေး မင်းဆရာမခရကို ပြောလိုက်၊ ဦးငယ်က ပန်းပေးတာလို့ "

"ဟင့်အင်း မပြောပါဘူး၊ သားသားပေးတာပဲ၊ ဆရာမလေးခရက ပန်းပေးရင် သားကို အာဝါးပေးတယ် သိလား"

"တောက် ငါပြန်ယော်ချင်လိုက်တာ"

"ဟင် ကလေးကို လျှောက်ပြောနေပြန်ပြီ"

ရင်ထဲမှာ ယားကျိကျိနှင့် ကလေးဘဝရောက်ကာ ပန်းဆက်သမားလေး ဖြစ်ချင်နေမိသည့်စိတ်က စိုးမိုးနေ၏။

ထိုအခါ ငယ်စဉ်က ကိုယ့်စိတ်ရဲ့ အစွဲအလန်းလေးတစ်ခုကို ချက်ချင်း သတိရသွားမိသည် ။

မျက်နှာချင်းဆိုင်အိမ်က တက္ကသိုလ်ကျောင်းသူမမကြီးကို ကိုယ့်အား ငယ်လေး၊ ငယ်လေးနှင့် ချစ်စနိုးပါးလိမ်လိုက်၊ အာဝါးပေးလိုက်နှင့် ငယ်စဉ် ကျောင်းနေစအရွယ်တည်းက ဖြစ်သည် ။ နောက် ကိုယ် ဆယ့်လေးငါးနှစ်အရွယ်အထိ ငယ်လေးဟု ခေါ်ကာ ပါးလိမ်ဆွဲနေဆဲမို့ ကိုယ့်စိတ်ထဲမှာ ထိုမမကြီး၏ ချော့မြှူမှုကိုယူရန် အစဉ်အမြဲ မျှော်လင့်နေမိသည် ။ မမကြီး တက္ကသိုလ်တက်သောအခါ ကျစ်ဆံမြီးတွင် ပန်းကလေးပန်တတ်သည် ကို တွေ့၍ ပန်းတော်ဆက်ဘဝနှင့်ကျိတ်ပိုး-ပိုးခဲ့သည် ။

မှတ်မှတ်ရရ မမကြီးက အစ်ကိုကြီးတစ်ယောက်နှင့် တွဲသွားသည် ကို မြင်သောအခါ တစ်ညလုံး တိတ်တိတ်လေး ကြိတ်ငိုနေသည် မှာ ညတစ်နာရီအထိပင် ဖြစ်၏။ ဒါပေမဲ့ မမကြီးက ကိုယ့်ကိုချစ်ဆဲ၊ ငယ်လေးဟု ခေါ်ကာ မုန့်ဝယ်ကျွေးမြဲမို့ မမကြီးအား ပန်းပေးရန် မမေ့လျော့ခဲ့ပေ။ ဒယ်ဒီက ပန်းစိုက်ဝါသနာကြီးသောကြောင့် ပန်းများ စိုက်သည် ။ ပွင့်လာလျှင် ဘုရားတင်ရုံမက မာမီပန်သည့်အပြင် ပိုလျှံကာ ပန်းပွင့်များဝေဆာနေသည် ကိုကြည့်၍ ကျေနပ်နေသူဖြစ်သည် ။

ပန်းတစ်ပွင့်ခူးရုံဖြင့် ခြံထဲမှာ ပန်းများ လျော့မသွားဘဲ နေ့စဉ်ပွင့်နေသည် ။ ဒါပေမဲ့ မမကြီးသည် နှင်းဆီပန်းအဝါရောင်ကို အလွန်ကြိုက်၏ ။ ထိုအဝါရောင်နှင်းဆီ သုံးအိုးသည် မမကြီးပန်ဖို့ သာ ဖြစ်ရမည်။ ဘယ်သူမှ မခူးရဟု အိမ်သားများကို ပြောထားသည် ။ ထိုနေ့က မမကြီးတို့ အတွဲကို နောက်ထပ်တွေ့၍ စိတ်တိုနေသည့်နေ့ -

မနေ့ညက နှင်းဆီပန်းအဝါလေး ငုံနေ၍ ဒီနေ့မှ ခူးမည်ဟု ရည်ရွယ်ထားစဉ် ဘယ်က ကောင်မလေးလဲ မသိ၊ နှင်းဆီဝါကို ဗိုးဗိုးဇက်ဇက်နှင့် ခူးတာကို မြင်လိုက်၍ ဘာမှ စဉ်းစားမနေတော့ဘဲ အနားရှိ ဝါးလုံးနှင့်ပိတ်ရိုက်ပစ်ရာ ကောင်မလေး၏ နားထင်တစ်ခြမ်း သွေးများ ဖြာကျသွားသည် ကိုတော့ တွေ့လိုက်ရသည် ။ ကိုယ်လည်း ကြောက်ကြောက်လန့်လန့်နှင့် ဝါးလုံး ပစ်ချကာ အဘိုးအဘွားအိမ် ထွက်ပြေးလာခဲ့သည် ။

ထိုနေ့မှ စ၍ ကိုယ် မမကြီးနှင့်ဝေးသွားပြီး အဘိုး၊ အဘွားနှင့်အတူ လိုက်နေကာ အလိုလိုက်၊ ယုယမှုကို ခံယူရင်းက ဗိုလ်ကျသော၊ အနိုင်ကျင့်တတ်သော အငယ်လေး ဖြစ်လာခဲ့၏။

ဒါကြောင့်လည်း ဒေါ်ဒေါ်မိတို့ က ကိုကို့ကိုပဲ အချစ်ပိုခဲ့ခြင်းဖြစ်မည်ထင်သည် ။

အစွဲအလန်းကြီးမားတတ်သော ကိုယ်က စွဲလန်းမိလျှင် ရင်မှာ ထိရှတတ်သည် မို့ ဘာကိုမှ သံယောဇဉ်မထားချင်။ မမကြီးအိမ်ထောင်ကျကာ ကလေးများ ရလာသည် အထိ မမကြီးကို ရင်မဆိုင်ရဲသဖြင့် အဘိုး၊ အဘွားများ ထံမှာ သာ နေနေသည် ။ အဘိုး၊ အဘွား ရှေ့ဆင့် နောက်ဆင့် ဆုံးမှ ဒယ်ဒီ့ထံ ပြန်ရောက်ခဲ့၏။ အဘိုး၊ အဘွားမဆုံးမီ မာမီက အရင်ဆုံးပါးခဲ့သည် ။

မမကြီးကို စွဲလန်းစိတ်က ယခုတိုင် ရင်မှာ စူးနစ်နာကျင်ဆဲမို့ ကိုယ်တစ်ယောက် တသီးတခြားနှင့် ချစ်ရမည့်သူ မြတ်နိုးရမယ့်သူ မရှိခဲ့။ ခံစား၍ မရခဲ့ပေ။

သူငယ်ချင်းများ နှင့် ပျော်ပျော်သာနေပြီး အလှအပကို မျက်စေ့နှင့်ခံစားပြီး ပါးစပ်နှင့် စနောက်ချင် စနောက်နေမည်။ နှလုံးသားကတော့ မမကြီး၏ လုံ့ချက်က စူးနစ်နေဆဲမို့ ဘယ်သူမှ မဝင်ရောက်နိုင်ခဲ့ပေ။

ခုတော့ ကိုယ့်နှလုံးသားကို စွဲကိုင်လှုပ်နိုင်စွမ်းရှိတဲ့ ခရငယ် ခရငယ်။

တဖြည်းဖြည်းနှင့် သူ့ရဲ့ စွမ်းအားလေးနှင့် မမကြီးရဲ့ လုံ့ချက်ကြောင့် အနာဖေးတက်နေသည် ကို သူက ကုသအောင် ပြုလုပ်ပေးနိုင်စွမ်းရှိသော ခရငယ် ပါလား၊ စွမ်းအားကြီးသော ခရငယ်လေးပဲ။

"ဝုတ် ... ဝုတ် ... ဝုတ်"

မုန်တိုင်း၏ ဟောင်သံကြောင့် အတွေးစများ ပျောက်ပျက်သွားပြီး သူဝင်နိုင်ရန် တံခါးကို ဖွင့်လိုက်၏။

"ဟာ ဒီကောင် ပြန်ဝင်ချင်ပြီ၊ တောက် ဒေါ်ဒေါ်မိတို့ နောက်လိုက်သွားတာထင်တယ်"

"အီ ... အီ ... အီ"

"ဟကောင် လာလေကွာ"

ဝင်မလာဘဲ တအီအီလုပ်နေ၍ စိတ်မရှည်ဘဲ ခေါင်းပြူကြည့်လိုက်သောအခါ -

"ဟာ"

ကိုယ့်မျက်လုံးကို မယုံ၍ မျက်တောင်ခတ်ကြည့်လိုက်မိ၏။ ခရမှ ခရအစစ်၊ မုန်တိုင်းကို ဘိန်းမုန့်ကျွေးနေသည် ကို တွေ့ရသည် ။

"ခရ"

သူ့နာမည်ကို ဟုတ်မဟုတ်ကိုတော့ ကိုယ်မသိ။ နှုတ်ဖျားမှ လွတ်ခနဲခေါ်မိလိုက်သည် ။ ခရက လှည့်ကြည့်လိုက်၏။

"အော် ရှင်ကိုး၊ ဒီးဒီး ကျောင်းသွားပြီလား"

"သွားပြီ ခရ၊ နာမည်က ခရလား"

ပါးချိုင့်ကလေးများ ခွက်ဝင်သွားအောင်အထိ ပြုံးလိုက်ပြီး-

"ကျွန်မ နာမည် ခင်ယုမာနွယ်ပါ၊ ဒါပေမဲ့ ငယ်ငယ်ကစကားမပီတာလား၊ ဘယ်သူက ချစ်စနိုးခေါ်လိုက်လို့ လဲမသိဘူး၊ ခရု ခရုနဲ့ ငယ်ငယ်တည်းက နာမည်ကြီးနေတာလေ"

"ဟုတ်လား"

"ကိုယ့်နာမည် ဟိန်းထက်ကျော်"

"အိုး နာမည်က သိပ်ကြောက်စရာကောင်းတာပဲ၊ ဒါကြောင့် ဒီးဒီးက သူ့ဦးလေးကို သိပ်ကြောက်တာပဲနော်"

"ဆရာမကော ကြောက်လား"

ရုတ်တရက်အမေးကြောင့် မျက်လုံးဝိုင်းဝိုင်းလှလှလေးက သူ့ကိုလှန်ကြည့်ပြီး ခေါင်းလေး ညိတ်လိုက်စဉ် နားရွက်ဖုံးထားသော ကျစ်ဆံမြီးလေးက သူ့ရင်ညွန့်ပေါ်မှာ မြွေတစ်ကောင်နှယ် လူးလွန့်သွား၏။

"ကြောက်တယ်"

"ဆရာမ ခရုက လူကိုတော့ကြောက်တယ်၊ ခွေးကိုတော့ မကြောက်ဘူးလား၊ ဒီကောင် မုန်တိုင်းက ကိုက်တတ်တယ်"

ခရုလေးက ချစ်စဖွယ် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

"သူနဲ့ ကျွန်မ တွေ့စတုန်းက ကျွန်မလည်း ဒီက တရုတ်စကားပန်းလေးကို ကုန်းအကောက်၊ သူကလည်း တံခါးပေါက်က တိုးအထွက်မှာ ဝင်တိုက်မိတယ်လေ၊ ဒီပြင်ခွေးတွေဆို လန့်ပြီး ကိုက်ပြီပေါ့၊ သူကမကိုက်ဘူး၊ ထွက်ပြေးသွားတယ်၊ ဒါကြောင့် သူ့ကို ကျေးဇူးတင်လို့ မုန့်လာ

ကျွေးတာ"

"ဒီကောင်ကြီးမုန့်တိုင်းက မိန်းကလေးတွေဆို မကိုက်တတ်ဘူး"

"ဒါက သခင်ရဲ့ သွန်သင်ဆုံးမမှုကို နာခံတဲ့ သဘောပဲပေါ့၊ ယောက်ျားလေးမှ ကိုက်လို့ မှာ ထားသလားမှ မသိတာ၊ ကဲ ကျောင်းနောက်ကျမှာ စိုးလို့ သွားတော့မယ်နော်"

ပြောပြောဆိုဆို လှည့်ထွက်သွား၏။ တော်တော်လှမ်းလှမ်းရောက်မှ ကျစ်ဆံမြီးလေးမှာ တရုတ်စကားပန်းပွင့်လေးတွေ ထိုးပန်သွားသည် ကို လှမ်းမြင်လိုက်ရတော့

"ချစ်စရာလေးကွာ"

***